# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 18, 2024 | Volume 82, Number 13


၁၈.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၂.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲ စပါးတင်းရေ ၆၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲ စပါးတင်းရေ ၆၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးကပြောပြ၍သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲစပါး တင်းရေ ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှစ်လခွဲစပါး တင်းရေ ၆၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လအတွင်း နှစ်လခွဲ စပါးတင်းရေ ၆၅,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးကပြောပြသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ကျပ် ၁,၉၇၀,၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၉-၉-၂၀၂၄ မှ ၁၃-၉-၂၀၂၄) ရက်အတွင်း ဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ တစ်တန် ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၉၁၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၃၃၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၉၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၀၀,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀၅ လုံး (တန်ချိန် ၄၉၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၆၅ လုံး (တန်ချိန် ၃၉၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး တစ်ပိဿာ ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၁၅၀ (၂၃,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၇၀၀ (၁၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၄၅၀ (၉,၀၀၀ ပိဿာ)လျော့နည်း ဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၁၅၀ (၂၂၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး တစ်ပိဿာ ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်း အသား (သစ်) ကျပ် ၆၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

### ထန်းလျက်၊ ကြံသကာနှင့် သကြား

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား တစ်ပိဿာဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၇၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၆၀၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၁၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၂၀၀ နှင့် ပခုက္ကူကြမ်း ကျပ် ၁၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၉-၉-၂၀၂၄ မှ ၁၃-၉-၂၀၂၄) ရက်အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၉၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၄၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၀၊ မုံရွာလတ်သန့် ကျပ် ၁၇၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၃၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၁ စီး (၅၄၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၁ စီး (၇၂၆,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၅,၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၂၀၀ နှင့် အောင်ပန်းထူး-၂ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင် အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၃၁၀၀ (၉၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၆၀၀ (၄၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၁၅၀၀ (၄၅,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ထိုင်းနိုင်ငံ၏ ဆန်စျေးနှုန်းများ တစ်နှစ်အတွင်း အနိမ့်ဆုံးဖြစ်လာ

အင်ဒိုနီးရှားမှ မကြာသေးမီကကျင်းပခဲ့သော လေလံပွဲ၌ လေလံဆွဲသူများသည် ၎င်းတို့၏ မြင့်မားသောစျေးနှုန်းများကို လျှော့ချခဲ့ကြခြင်းကြောင့် ထိုင်းဆန်စျေးသည် တစ်နှစ်အတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားခဲ့ပြီး အိန္ဒိယဆန်တင်ပို့မှုမှာလည်း ယခုသီတင်းပတ်အတွင်း အရှုံးပေါ်ခဲ့ပြီး ရှစ်လတာကာလအတွင်း အနိမ့်ဆုံးသို့ရောက်ရှိခဲ့သည်။

အိန္ဒိယဆန်ကွဲ ၅ ရာခိုင်နှုန်းသည် ယခုသီတင်းပတ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၅၃၄ ဖြင့် ဇန်နဝါရီလလယ်ကတည်းက အနိမ့်ဆုံးအနေအထားတွင်ရှိနေခဲ့ပြီး အစောပိုင်းက ကန်ဒေါ်လာ ၅၄၀ မှ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က ဝယ်လိုအားများအားနည်းလျက်ရှိကြောင်း ဝယ်ယူသူများသည် အိန္ဒိယ၏ ပို့ကုန်အကောက်ခွန်ပုံစံကိုလျှော့ချရန် မျှော်လင့်နေကြပြီး အဝယ်များကို ရွှေ့ဆိုင်းလျက်ရှိကြကြောင်း ဆန်တင်ပို့သူများ အသင်း၏ ဥက္ကဋ္ဌ Krishra Rao ကပြောကြားခဲ့သည်။

ထိုင်းဆန်ကွဲ ၅ ရာခိုင်နှုန်းသည် ယခုသီတင်းပတ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၅၆၅ မှ ကန်ဒေါ်လာ ၅၅၀ သို့ကျဆင်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နောက်ပိုင်းမှအစပြု၍ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားကာ ယခင်အပတ်တွင်ဖော်ပြခဲ့သည့် ကန်ဒေါ်လာ ၅၈၅ မှ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုင်းဆန်စျေးများမြင့်မားနေသေးသည်ဟု စျေးကွက်မှရှုမြင်နေကြောင်း၊ ရေကြီးမှုကြောင့် ရေတိုစပါးအထွက်နှုန်းကို ထိခိုက်သဖြင့် စျေးနှုန်းများတက်လာနိုင်ကြောင်း ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ စျေးနှုန်းများ မြင့်မားမှုကြောင့် အင်ဒိုနီးရှားလေလံပွဲ၌ ထိုင်းလေလံဆွဲသူများသည် အခြားပို့ကုန်လုပ်ငန်းရှင်များထံ ဆုံးရှုံးခဲ့ရကြောင်း အခြားကုန်သည်များက ပြောကြားခဲ့သည်။

ဗီယက်နမ်ဆန်ကွဲ ၅ ရာခိုင်နှုန်းကို ကြာသပတေးနေ့တွင် တစ်တန်လျှင် ၅၆၇ ဒေါ်လာဖြင့် ကမ်းလှမ်းခဲ့ပြီး လွန်ခဲ့သည့် တစ်ပတ်က ၅၇၅ ဒေါ်လာမှ ကျဆင်းခဲ့ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း ထုတ်ပြန်ချက်အရသိရသည်။ ဗီယက်နမ် မြောက်ပိုင်းတွင် ရေကြီးရေလျှံမှုများသည် ဆန်စပါးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ဗီယက်နမ်ကုန်သည် တစ်ဦးက ပြောကြားခဲ့သည်။

**Source : bangkokpost**

https://www.doca.gov.mm/

## ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြင်ဆင်ထုတ်ပြန်ခဲ့

၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ကနဦး ထုတ်ပြန်ချက်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သော်လည်း ယခုအခါ ၂ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်ဟု ပြင်ဆင်ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းတွင် ပုဂ္ဂလိက သုံးစွဲနိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ မျှော်မှန်းထားသလောက် မြင့်တက်လာခြင်း မရှိသည့်အတွက် ယခုကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့က ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ၃ လပတ်ကာလတွင် ယခင် ၃ လပတ်ကာလနှင့် နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်းကို ထည့်သွင်းတွက်ချက်ထားသည့် ဂျပန်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၀ ဒသမ ၇ ရာခိုင်နှုန်းရှိနိုင်ကြောင်း ကနဦး ထုတ်ပြန်ခဲ့ကြောင်းနှင့် အမှန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့သည်ဟု ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း နှင့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ကနဦးထုတ်ပြန်ခဲ့သော်လည်း ၀ ဒသမ ၈ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သည်ဟု ပြင်ဆင်ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုလျက်ရှိသည့် ပုဂ္ဂလိက သုံးစွဲနိုင်စွမ်းမှာ ၃ လပတ်ကာလ ၅ ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ကနဦး ထုတ်ပြန်ချက်တွင် ၁ ရာခိုင်နှုန်း ရှိနိုင်ကြောင်း ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။

ပို့ကုန်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ကနဦးထုတ်ပြန်ထားသော်လည်း မော်တော်ယာဉ်တင်ပို့မှု များပြားခဲ့ခြင်းကြောင့် အမှန်တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျပန်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို ၄ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်နိုင်ကြောင်း ကနဦးခန့်မှန်းထုတ်ပြန်ခဲ့သော်လည်း အမှန်မြင့်တက်မှုမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိသော ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၇ ဒသမ ၄ ရာခိုင်နှုန်းရှိနိုင်ကြောင်း ကနဦးထုတ်ပြန်ခဲ့သော်လည်း အမှန်တိုးတက်မှုနှုန်းမှာ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ Nominal GDP မှာ ၆၀၇ ဒသမ ၅၈ ထရီလီယံယန်းရှိခဲ့ပြီး၊ ပထမဆုံးအကြိမ်အဖြစ် ယန်း ၆၀၀ ကျော်ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက် ၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ Nominal GDP ကို ယန်း ၆၀၀ ကျော်ရှိစေရေး မျှော်မှန်းဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

**Source: The Kyodo News (၉-၉-၂၀၂၄)**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီအား လွတ်လပ်စွာတင်ပို့ခွင့်ပြု

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာနအောက်ရှိ နိုင်ငံခြား ကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ မေလ ၄ ရက်တွင် အမိန့်ကြေညာစာအမှတ် ၁၀/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာထားသော ကြက်သွန်နီ တင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်တန်ဖိုး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၅၀ အားဖယ်ရှားခဲ့ပြီး လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့သည်ဟု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် အမိန့်ကြေညာစာအမှတ် ၂၈/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အထက်ပါ ကြက်သွန်နီတင်ပို့ရာတွင် ၁ တန်အနိမ့်ဆုံး ပို့ကုန်တန်ဖိုးသတ်မှတ်ချက်အား ဖယ်ရှားခြင်းကြေညာချက်သည် ချက်ချင်းအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်းလည်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် ယခင်နှစ်က ရာသီဥတုဖောက်ပြန်မှုများကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ကြက်သွန်နီတင်ပို့မှုတွင် အနိမ့်ဆုံးပို့ကုန်တန်ဖိုး ဈေးနှုန်းများသတ်မှတ်ခြင်း၊ အကောက်ခွန်နှုန်းထားကိုလည်း ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ယင်းကြောင့် ကမ္ဘာ့ကြက်သွန်နီဈေးကွက်အပေါ် သက်ရောက်မှုများရှိခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် ယခုနှစ်၌ ကြက်သွန်နီအသစ်များ ရိတ်သိမ်းခါနီးအချိန်တွင် အထွက်နှုန်းတိုးနိုင်မည့် အလားအလာများရှိခြင်း၊ တောင်သူလယ်သမားအကျိုးစီးပွားနှင့် ပြည်ပတင်ပို့မှုမြင့်တင်နိုင်ရန်အတွက် အချိန်ကိုက်မူဝါဒများ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်းနှင့် ယင်းသည် ကမ္ဘာ့ကြက်သွန်နီဈေးကွက်အပေါ်တွင်လည်း သက်ရောက်မှုများရှိလာနိုင်ကြောင်း သိရသည်။

**Source: မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## စားတော်ပဲ (Yellow Peas) အား လွတ်လပ်စွာ တင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းတိုးမြှင့်ပေး

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာနအောက်ရှိ နိုင်ငံခြား ကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက စားတော်ပဲ (Yellow Peas – ITC (HS) Code 07131010) အား အနိမ့်ဆုံးသွင်းကုန် တန်ဖိုးသတ်မှတ်ချက် (MIP) မရှိဘဲ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် အမိန့်ကြေညာချက်အမှတ် ၂၉/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ယခင်ထုတ်ပြန်ထားသည့် အမိန့်ကြေညာစာအရ စားတော်ပဲအား အနိမ့်ဆုံးသွင်းကုန်တန်ဖိုးသတ်မှတ်ချက်နှင့် ဆိပ်ကမ်းကန့်သတ်ချက်များမရှိဘဲ လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒမှာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံး

မည်ဖြစ်သော်လည်း ပြည်တွင်းပဲမျိုးစုံ စားသုံးမှုအတွက် လိုအပ်ချက် မြင့်မားလျက်ရှိကြောင်း သိရသည်။

**Source: မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (18.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Sep. 2024

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 3,942 (Shares) | 13,666,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,800 | 8,800 | 8,800 | 212 | 1,865,600 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 2,189 | 7,552,800 | 38,929,150 | 136,252 |
| MCB | 00003 | 8,900 | +0 | +0.00% | 8,800 | 8,900 | 8,800 | 8 | 70,700 | 10,400,986 | 92,569 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 228 | 410,400 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 143 | 400,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 574 | 978,800 | 19,977,223 | 34,960 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,400 | 4,400 | 4,400 | 389 | 1,711,600 | 10,497,598 | 46,189 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 199 | 676,600 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 18th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.07 | -1.38 | -0.34% | 407.51 | 409.07 | 406.95 | 3,942 | 13,666,900 | 8 | 771,573 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 4,042 (Shares) | 17,316,900 (MMK) |

### Main Board

As of 1:00 pm, 18th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,942 (Shares) | 13,666,900 (MMK) |

| MYANPIX | 409.07 ▼ 1.38 |
|---|---|
| Total Volume (shares) | 3,942 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,573 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,500 | ▲ 50 |
| MCB | 00003 | 8,900 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,400 | ▼ 100 |
| MAEX | 00008 | 3,400 | ▼ 50 |

TIR